# မျှော်လင့်ခြင်းမြို့တော် သို့မဟုတ် နေပြည်တော်

ကိုရွှေဦး



နေပြည်တော်တည်ဆောက်ရေးမှတ်တမ်းဓာတ်ပုံ။

နေပြည်တော်ဆိုသည်မှာ မျက်မှောက်ခေတ်မြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေးမြို့တော်သည် နေပြည်တော်ပင်ဖြစ်သည်။ ၂၀၀၃ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ၁၁ နှစ်ကြာ တည်ဆောက်ခဲ့သည့် မြို့တော်သစ်ကြီးသည် လက်ရှိအချိန်အခါမှာ မြန်မာပြည်ရဲ့ အစိုးရယန္တရားအားလုံးလည်ပတ်နေတဲ့ အုပ်ချုပ်ရေးမြို့တော်ကြီးအဖြစ် ခမ်းနားထည်ဝါစွာရပ်တည်နေခဲ့ပြီဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ မြန်မာနိုင်ငံရဲ့အလယ်ဗဟိုလို့ဆိုနိုင်တဲ့နေရာမှာနေရာယူတည်ဆောက်ထားခြင်း၊ မြို့တော်အင်္ဂါရပ်တွေနဲ့ပြည့်စုံပြီး လှပစနစ်ကျတဲ့ Landscape Design တွေနဲ့ ပုံဖော်တည်ဆောက်ထားခြင်းတွေကြောင့် နေပြည်တော်သည် အုပ်ချုပ်မှုမြို့တော်အဖြစ်သာမက စီးပွားရေးအချက်အချာမြို့တော်ကြီးအဖြစ်လည်း တဖြည်းဖြည်းနေရာယူလာတာကို တွေ့မြင်နေရပြီဖြစ်ပါသည်။ ယနေ့ လက်ရှိအစိုးရဝန်ထမ်းအားလုံးသာမက စီးပွားရေးလုပ်ငန်းများပါ မိမိတို့ရဲ့သက်ဆိုင်ရာလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ကြတဲ့နေရာမှာ နေပြည်တော်သည် မဖြစ်မနေ ပါဝင်ပတ်သက်လာရသည့် မြို့ကြီးတစ်ခုဖြစ်လာပါပြီ။ ဒီလိုမျိုးအရေးပါအရာရောက်ပြီး ခမ်းနားထည်ဝါလှသည့် မြန်မာနိုင်ငံရဲ့မြို့တော်နေပြည်တော်ရဲ့ ထူးခြားအရေးပါတဲ့ အခြေခံသမိုင်းအကြောင်းအရာများနဲ့ သိသင့်သိထိုက်တာများကို တင်ပြလိုက်ရပါသည်။

အစိုးရရုံးစိုက်ရာမြို့ နေပြည်တော်ကို အကြောင်းအမျိုးမျိုး အယူအဆအမျိုးမျိုးဖြင့် ရေးသားဖော်ပြပြောဆိုနေကြသည်များကြားရသည့်အခါတိုင်း နေပြည်တော်ကိုတည်ဆောက်ခဲ့သူ၏ရည်ရွယ်ချက်နှင့်စေတနာကိုဖော်ပြချင်ခဲ့သည်။ ယခုဆောင်းပါး၌ နေပြည်တော်မြို့တော်သစ်ရွေးချယ်တည်ဆောက်ရခြင်း၏ ကြီးမားသောရည်ရွယ်ချက်နှင့် စိတ်စေတနာကို မိမိကြားသိခဲ့သည့်အတိုင်း ဖော်ပြလိုက်ရပါသည်။ နေပြည်တော်မြို့တော်သစ်သို့ ဘာကြောင့်ပြောင်းရွှေ့ရတယ်၊ ဘယ်လိုစဉ်းစားခဲ့တယ်၊ ဘယ်လိုစီစဉ်ခဲ့တယ်ဆိုတာ နေပြည်တော်တည်ဆောက်သူ၏ ပြောကြားချက်များမှမှတ်သားမိသည်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

မြို့တော်သစ်စီစဉ်ရာမှာ နောင်အနာဂတ်၌ နိုင်ငံတော်အနေဖြင့် သွားမည့်ပုံသဏ္ဌာန်ကို စဉ်းစားပြီး နိုင်ငံတော်သစ်ကို ဘယ်လိုအသွင်ကူးပြောင်းသွားမည်ဆိုတာကို ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်သစ်တည်ဆောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြင့် နောင်သွားမည့်နိုင်ငံတော်သစ်တွင် နိုင်ငံရေးပုံသဏ္ဌာန်၊ စီးပွားရေးပုံသဏ္ဌာန်၊ လူမှုရေးပုံသဏ္ဌာန်များဖြင့် နိုင်ငံတော်ကိုတည်ဆောက်ကြမည်ဖြစ်သည်။ အချိန်ကာလအလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ် ပေါက်လာပြီး နိုင်ငံရေးအရတည်ဆောက်မှု စီးပွားရေးအရတည်ဆောက်မှု လူမှုရေးအရတည်ဆောက်မှုများနှင့်အတူ ထာဝစဉ်ငြိမ်းချမ်းချစ်ကြည်စွာဖြစ်ပေါ် လာမည့် နိုင်ငံတော်သစ်တစ်ခုတွင် မြို့တော်သစ်တစ်ခု တည်ဆောက်သင့်၊ မဆောက်သင့်ကို စဉ်းစားခဲ့ရသည်။ ဖြစ်ပေါ် လာမည့် နိုင်ငံရေးအခြေအနေသစ်များ၊ နိုင်ငံရေးလမ်းစဉ်သစ်များ၊ စီးပွားရေးအခြေအနေသစ်၊ လူမှုရေးအခြေအနေသစ်တွေ ပြောင်းလဲလာတာနှင့်အညီ လျော်ကန်သင့်မြတ်သော မြို့တော်သစ်တစ်ခုတည်ဆောက်ရန် လိုအပ်သည်ဟုသုံးသပ်ရရှိသည်။ ရည်ရွယ်ချက်မှာ နိုင်ငံတော်သစ်တစ်ခုတည်ဆောက်မည်၊ နိုင်ငံရေးစနစ်သစ်တည်ဆောက်မည်၊ စီးပွားရေးစနစ်တည်ဆောက်မည်၊ လူမှုရေးစနစ်တည်ဆောက်မည်၊ ထာဝစဉ်ငြိမ်းချမ်းရေးရအောင် လမ်းခင်းပေးမည် စသဖြင့် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ ဆုံးဖြတ်ဆောင်ရွက်ရခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အမွန်ရှည်တည်တံ့ခိုင်မြဲရေးဆိုသည့် ရည်ရွယ်ချက်က အဓိကဖြစ်သည်။ ဒုတိယအချက်အနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုကောင်းမွန်စွာ စနစ်တကျအုပ်ချုပ်စီမံခန့်ခွဲနိုင်သည့် နေရာသစ်တစ်ခုဖြစ်ရန်လိုသည်။



နေပြည်တော်တည်ဆောက်ရေးမှတ်တမ်းဓာတ်ပုံ။

တတိယအချက်အနေဖြင့် တည်ဆောက်မည့်နိုင်ငံတော်တွင် နောင်ဖြစ်ပေါ် လာမည့် ပြည်ထောင်စုကြီးအတွင်း တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ဆက်စပ်မှုမရှိဘဲ တသီးတခြားဖြစ်နေသော မြို့တော်မျိုးထက် ဆက်စပ်ဆက်နွယ်နေသည့် မြို့တော်တစ်ခု၊ ဆက်သွယ်ဆက်ဆံမှုကောင်းသည့်မြို့တော်တစ်ခု ဗဟိုအချက်အချာကျသောမြို့တော်တစ်ခု တစ်နည်းအားဖြင့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသောဒေသများဖြင့် ရင်းနှီးဆက်နွယ်မှုရှိမည့်နေရာမျိုး ဖြစ်ရန်လိုသည်။ ဗဟိုအချက်အချာကျရန်၊ ဆက်သွယ်ဆက်ဆံမှုကောင်းရန် စသည့်အချက်များအပေါ် စဉ်းစားခဲ့သည်။ မြို့တော်သစ်တစ်ခုတည်ဆောက်သည့်အခါမှာ နောင်ဖြစ်ပေါ် လာမည့် ပြည်ထောင်စုအတွက် ပြည့်စုံသည့် ဒေသတစ်ခုဖြစ်ရန်လိုအပ်သဖြင့် ယခုလိုမြို့တော်သစ်တစ်ခုကို တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရန် ခိုင်မာတောင့်တင်းသောနေရာဖြစ်ရေး တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး တန်းတူရည်တူကူးလူးဆက်ဆံနိုင်သည့် ထာဝရတန်းတူလက်တွဲနေထိုင်နိုင်ရေးကို မူတည်ပြီး မြို့တော်ကို တည်ဆောက်ရခြင်းဖြစ်သည်။

တိုင်းရင်းသားညီအစ်ကိုများ ပြည်ထောင်စုနှင့်တစ်သားတည်းဖြစ်ရန် ထာဝစဉ်ငြိမ်းချမ်းရေးအတွက် မျှော်လင့်လျက် မြို့တော်အသစ်အတွက်နေရာရွေးချယ်ရာမှာ တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ မန္တလေးတို့ကိုစဉ်းစားခဲ့သည်။ တောင်ငူအနေဖြင့် အကွာအဝေးအနေအထားကောင်းသော်လည်း ပတ်ဝန်းကျင်ကို အထက်ပါအချက်များဖြင့် ချိန်ထိုးကြည့်သည့်အခါ ရွေးချယ်ရန်မသင့်၊ မန္တလေးကိုတွေးကြည့်သည့်အခါ မန္တလေးသည် ဒုတိယကမ္ဘာစစ်ကြီးတွင် Plan လုပ်ပြီး တိုက်ခိုက်ခြင်းခံရသည့် နေရာဖြစ်သည်။ စစ်တိုက်ရန်အတွက် Plan သည် တိုင်းတစ်ပါးအတွက် အဆင်သင့်ရှိပြီးသားဖြစ်သည်။ အလားတူ မိတ္ထီလာသည်လည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်း အဖန်တလဲလဲတိုက်ခိုက်ခြင်းခံရသည့်နေရာဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဆက်သွယ်ဆက်ဆံမှုနှင့် စီမံခန့်ခွဲမှုနည်းသည့်နေရာရှာသည့်အခါ တောင်ငူ၊ မန္တလေး၊ မိတ္ထီလာမြို့တို့ကမဖြစ်နိုင် အထက်ပါအချက်လေးချက်ဖြင့် အကိုက်ညီဆုံးဖြစ်သည့် ပျဉ်းမနားဒေသကိုရွေးချယ်ရသည်။ သမိုင်းကြောင်းအနေအထား၊ မြေနေရာအနေအထားများကို စဉ်းစားပြီးရွေးချယ်ခဲ့ရခြင်းဖြစ်သည်။

နိုင်ငံတော်လုံခြုံမှုနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိန်းသိမ်းရန်မှာ အလွန်ခက်ခဲပါသည်။ ရန်ကုန်သည် ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် ဝင်ပေါက်ထွက်ပေါက်များပြီး လုံခြုံရေးနှင့်အုပ်ချုပ်ရေးမှာ နိုင်ငံရေးပြဿနာဖြစ်တိုင်း အစိုးရယန္တရားကို ထိခိုက်ခဲ့သည်။ ထို့ကြောင့် ရန်ကုန်မြို့သည် ပြည်ထောင်စုနယ်မြေမဖြစ်သင့် ရန်ကုန်မြို့အားမြို့တော်အဖြစ် မြန်မာဘုရင်တွေရွေးချယ်ခဲ့ခြင်းမဟုတ် အင်္ဂလိပ်ကနယ်ချဲ့စနစ်ကိုထူထောင်ချိန်မှာ ရေတပ်အင်အားနှင့်အသုံးချမည့်နေရာ၊ အကာအကွယ်ပေးနိုင်တဲ့နေရာ၊ ရှေ့နောက်ဆက်ဆံမှုကောင်းသည့်နေရာမျိုးဖြစ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာဘုရင်များသည် အထက်ပါပုံစံမျိုးမရွေးချယ်ခဲ့၊ ပြည်တွင်းမှာဗဟိုအချက်အချာကျသည့်နေရာကိုသာရွေးချယ်လေ့ရှိသည်။ လုံခြုံရေးကိုအဓိကထားသည်။ မြန်မာဘုရင်များသည် စစ်ရေးအမြင် Military Concept ရှိသဖြင့် လုံခြုံသောနေရာ၊ ဗဟိုအချက်အချာကျသောနေရာမျိုးကိုသာ ရွေးချယ်လေ့ရှိသည်။ ထို့ကြောင့် အစွန်အဖျားတွေမှာရွေးချယ်လေ့မရှိ၊ ထိုအချိန်က အင်္ဂလိပ်အနေဖြင့် ရေတပ်အင်အားကိုအခြေခံပြီး နောက်ပိုင်းဆက်သွယ်ရေးဖြစ်သည့် အင်္ဂလန်၊ အိန္ဒိယတို့နဲ့ အဆက်အသွယ်ကောင်းရန်နှင့် သူ့ကိုယှဉ်နိုင်တဲ့အကာအကွယ် အရှိန်အဝါဘယ်နိုင်ငံမှ မရှိသဖြင့် သူ့စိတ်ကြိုက်ရွေးချယ်ခဲ့သည်။ စီးပွားရေးအတွက်အကျိုးရှိမည့် အချက်ကို အခြေခံပြီး အထက်ပါအကြောင်းတရားများဖြင့် ရန်ကုန်ကိုရွေးချယ်ခြင်းဖြစ်သည်။ သမိုင်းကြောင်းကိုပြန်ကြည့်လျှင် ရန်ကုန်သည် ဒုတိယကမ္ဘာစစ်ကြီးမှာ ခဏလေးနှင့်ပျက်စီးခဲ့ရသည်။ ထို့ကြောင့် သမိုင်းမှာ မြန်မာဘုရင်တွေက မြို့တော်ကို အလယ်မှာရွေးချယ်ခဲ့သည်။ အစွန်အဖျားမှာ ရွေးချယ်ပါက အင်္ဂလိပ်-မြန်မာ ပထမစစ်ကတည်းက မြို့တော်သည် ကျဆုံးသွားနိုင်သည်။ အင်္ဂလိပ်သည် ကမ်းရိုးတန်းဒေသများကို အကုန်သိမ်းပြီး ရန်ကုန်ကိုချန်ခဲ့သည်။ ထိုအချိန်က ရန်ကုန်သည် မြို့တော်ဖြစ်ပါက ချန်ခဲ့မှာမဟုတ်ဘဲ ရန်ကုန်ကိုပါသိမ်းမှာဖြစ်သည်။ မြန်မာဘုရင်များသည်

စာမျက်နှာ ၁၃ သို့ ➤

သီပေါ၊ လမ်းပန်းဆက်သွယ်ရေး

# သီပေါမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကိုကွင်းဆင်းစစ်ဆေး



သီပေါမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးဝင်းမင်းလတ်၊ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဆောင်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၄ ရက်တွင် ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးဝင်းမင်းလတ်၊ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဆောင်နှင့် တာဝန်ရှိသူများက အေးငြိမ်းချမ်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော မန်မိုင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများနှင့် သပြေငြိမ်းကုမ္ပဏီ၊ Flower Bird ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်သည့် ဖတ်ဟိုကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း အပိုင်း ၁၊၂ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြကြောင်း၊ လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများကို မှာကြားသည်။

သီပေါမြို့နယ် မန်မိုင်ကျေးရွာကုန်ထုတ်လမ်းသည် အရှည် ၁ မိုင်ရှိပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၆ ဒသမ ၁၃၅ သန်း၊ ဖတ်ဟိုကျေးရွာ ကုန်ထုတ်လမ်း အပိုင်း ၁ အရှည် ၄ ဖာလုံကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၉၀၀ သန်း၊ ဖတ်ဟိုကျေးရွာ ကုန်ထုတ်လမ်း အပိုင်း၂ အရှည် ၄ ဖာလုံဖောက်လုပ်ခြင်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၀၆၀ သန်းဖြင့် ယခုနှစ်ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

---

➤ စာမျက်နှာ ၁၂ မှအဆက်

မြို့တော်ကို နိုင်ငံ၏အလယ်ဗဟိုချက်တွင် တည်ခဲ့သည့်အတွက် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကိုဆင်နွှဲနိုင်သည့် အနေအထားမျိုးဖြစ်ခဲ့သည်။ ပြင်ဆင်ရန် အချိန်ရသည်။ ထို့ကြောင့် ရန်ကုန်အနေအထားကို ယခုလိုသုံးသပ်၍ရသည်။ ဒုတိယကမ္ဘာစစ်၏ အတွေ့အကြုံကိုသုံးသပ်နိုင်ပါသည်။ ၁၉၈၈ ခုနှစ်က ကော့သောင်းရေပြင်တွင် Aircraft Carrier ဝင်ရောက်ရပ်နားခဲ့သည်။ ကောလာဟလများဖြင့် ရန်ကုန်ကိုဗုံးကြဲမည်၊ ရေတပ်ကိုဗုံးကြဲမည်၊ မန္တလေးကိုဗုံးကြဲမည် စသည်ဖြင့် ကောလာဟလများလွှင့်ခဲ့သည်။ ထို့ပြင် ပြည်ပရန်က ပဲခူး၊ တိုက်ကြီးတို့မှာဝင်ပြီးနေရာယူတပ်စွဲပါကလည်း ရန်ကုန်မြို့တော်သည် အလိုလိုပိတ်မိနိုင်သည်။ ရန်ကုန်မှာအရေးအခင်းဖြစ်တိုင်း အစိုးရသည် ဆူပူမှုအောက်မှာရောက်သွားပြီး အစိုးရက အာဏာမပိုင်ဖြစ်ခဲ့ရသည်။ အစိုးရအုပ်ချုပ်ရေးစနစ်ကြီး တစ်ခုလုံးကိုစိုးရိမ်ခဲ့ရသည်။ ထို့ကြောင့် ရန်ကုန်မြို့မှာ မြို့တော်အသစ်မဖြစ်သင့်၍ နောင်တည်ဆောက်မည့်ပြည်ထောင်စုကြီးမှာ အထက်မှာဖော်ပြခဲ့သည့် အချက်များနှင့် ပြည့်စုံသည့်နေရာ ပျဉ်းမနားဒေသကို ရွေးချယ်ခဲ့ရခြင်းဖြစ်သည်။

**ပျဉ်းမနားဒေသကို ဘာကြောင့်ရွေးချယ်သင့်သလဲဆိုတဲ့အပေါ်မှာ မြို့တော်သစ်သည် လေထု၊ ရေထု၊ မြေထု၊ အချိန်ထုဆိုသည့် သဘာဝမျိုးရှိဖို့လိုကြောင်း၊ မြို့တော်သည် သဘာဝအကာအကွယ်ကို ပုံမှန်ရဖို့လိုသည်။ ရှေ့မှာလေထု၊ ရေထု၊ မြေထု၊ အချိန်ထု အတွင်းရှိနေပါကပို၍ကောင်းသည်။ လေထု၊ ရေထု၊ မြေထု၊ အချိန်ထု စသည့်ထုကြီးတွေအတွင်းမှာ မြို့တော်ကြီးသည် အလိုအလျောက် အကာအကွယ်ရနေခြင်းဖြစ်သည်။ ရှေ့မှာလေထု၊ မြေထု၊ ရေထုနဲ့ ဖြတ်သန်းရမှာဖြစ်ပြီး အချိန်ထုက ချက်ချင်းမရောက်နိုင်၊ သဘာဝအကာအကွယ်ကိုက လုပ်သာကိုင်သာတဲ့အခွင့်အရေးရနေခြင်းဖြစ်သည်။ စစ်ရေးသဘောအရ ကာလတစ်ခုစောင့်ဆိုင်းမှာဖြစ်သည်။ သဘာဝအားဖြင့် ထိုက်သင့်သည့်အကာအကွယ်ရရှိနေကြောင်း၊ နိုင်ငံရေးအရမြို့တော်သည် တိုင်းနှင့်ပြည်နယ်များဖြင့် အဆက်အစပ်မပြတ်သည့် ဗဟိုအချက်အချာကျသည့် လမ်းပန်းဆက်သွယ်မှုကောင်းသည့်ဒေသမျိုးဖြစ်လိုသည်။** ဤအရည်အချင်းမျိုးသည် ပျဉ်းမနားမှာရှိသည်ကိုလေ့လာတွေ့ရှိရသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ သွားချင်သလိုသွား၍ရသည်။ တောင်ကြီး၊ ရခိုင်၊ မန္တလေး၊ မော်လမြိုင်၊ ရန်ကုန် စသည့်ဒေသများ၏ ဗဟိုအချက်အချာကျသည့် ဆက်သွယ်ဆက်ဆံမှုကောင်းသည့် အထောက်အပံ့ပြုနိုင်သည့်နေရာဖြစ်သည်။

နိုင်ငံရေးအရ နောင်တည်ဆောက်မည့် ပြည်ထောင်စုရဲ့မြို့တော်သည် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးသဘောအရ ပြည်နယ်နှင့်တိုင်းများဖြင့် အဆက်အသွယ်မပြတ်ရန် အရေးကြီးသည်။ ဆက်သွယ်ဆက်ဆံမှုကောင်းရန်လိုသည်။ နိုင်ငံရေးအရလည်း ပြည်နယ်နှင့်တိုင်းများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်အောင် တည်ဆောက်ရန်လိုသည်။ ပြည်ထောင်စု ပြည်နယ်နှင့်တိုင်းများ တစ်သားတည်းဖြစ်စေရန်လိုသည်။ ဒါကြောင့် ပြည်နယ်၊ တိုင်းတွေနဲ့ တစ်ဆက်တစ်စပ်တည်း ဗဟိုအချက်အချာဒေသဖြစ်သည်။ ပြည်ထောင်စုကြီးတစ်ရပ်ထူထောင်ရန် အထောက်အကူဖြစ်မည့်အခြေအနေများကို နေပြည်တော်မှာတွေ့ရသည်။ ပြည်ထောင်စုကြီးတည်ထောင်လို့ရခြင်း၊ ဆက်သွယ်ဆက်ဆံရေးကောင်းခြင်း၊ ဗဟိုအချက်အချာကျပြီး သွားရေးလာရေးလွယ်ကူခြင်း၊ နီးနီးစပ်စပ်ရှိပြီးထာဝရငြိမ်းချမ်းရေးအတွက် နေရာလည်းကောင်းသည်။ ပဲခူးနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး ပဲခူးက ပိုလျှံသမျှဆန်ရိက္ခာရရှိနိုင်သည်။ အလားတူ မြစ်ဝကျွန်းပေါ်မှ ပိုလျှံသမျှလည်းရနိုင်သည်။ ဒေသကိုယ်တိုင်ကလည်း ဖူလုံပိုလျှံသည်။

တစ်နည်းအားဖြင့် နေပြည်တော်ကို မြန်မာပြည်၏ အချက်အချာဖြစ်သော ဒီလိုအခြေအနေ အခွင့်ကောင်းရသည့်နေရာမျိုးဖြစ်သည်။ စားရေးသောက်ရေး ပြည့်စုံဖူလုံပြီးနောက် ဆက်သွယ်ဆက်ဆံမှုမှာကောင်းတဲ့အပြင် အရှေ့၊ အနောက်၊ တောင်၊ မြောက် ကားလမ်း၊ ရထားလမ်းများ အပြည့်အဝရှိသည်။ စားရေရိက္ခာနှင့် ဆက်ဆံသွားလာရေးသည် အရေးကြီးသည်။ ဤအချက်နှစ်ခုပြည့်စုံရန်လိုသည်။ ထို့ပြင် ရေ၊ မီးလည်း ပြည့်စုံပြီး ထမင်းကို လျှပ်စစ်နဲ့ချက်၊ လျှပ်စစ်နဲ့အိပ်၊ လျှပ်စစ်ကိုအပြည့်အဝသုံး၍ရသည်။ လျှပ်စစ်လည်း အခြေခံကောင်းရနိုင်သည်။ ပတ်ဝန်းကျင်တွင် အင်း၊ အိုင်၊ ချောင်း၊ မြောင်း ၁၃ ခုရှိသဖြင့် ရေလုံလောက်သည်။ သို့ဖြစ်၍ စားဖို့သောက်ဖို့နေဖို့ဖူလုံပြည့်စုံပြီး သွားရေးလာရေးလည်းကောင်းပါသည်။ မန္တလေး၊ မိတ္ထီလာတို့တွင် တည်ဆောက်မည်ဆိုပါက မြေနေရာမလုံလောက် ယနေ့မြို့တော်သစ်တွင် မြို့အမျိုးအစားသုံးမျိုးရှိနေပြီး Civilian မြို့၊ Government မြို့၊ Military မြို့တို့ဖြစ်သည်။ မြို့များကို ကြိုက်သလောက်ချဲ့၍ရနိုင်သည်။ မြေနေရာအနေအထားကလည်းကောင်းမွန်သည်။ ထို့ကြောင့် အလွန်အင်မတန်ကောင်းတဲ့ အနေအထားမျိုးဖြစ်သည်။ အရှေ့ရိုးမနှင့် အလယ်ရိုးမကြားမှာရှိသည်။ လေကြောင်းရန် ကာကွယ်ရေး၊ ကြည်းကြောင်းရန် ကာကွယ်ရေး၊ ဆောင်ရွက်တဲ့အခါ မိမိတို့အတွက် တစ်ပန်းသာသည်။ နောင်တည်ဆောက်မည့် မြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကောင်းအောင်လုပ်ရန်၊ ထာဝစဉ်ငြိမ်းချမ်းရေးရအောင်လုပ်ရန် အချုပ်အခြာအာဏာကို လွယ်လွယ်ကူကူနှင့် အနှောင့်အယှက် အဖျက်ဆီးမခံရအောင် လုပ်ရန်အရေးကြီးသည်။ မန္တလေး၊ မိတ္ထီလာနှင့် တောင်ငူမြို့ကြီးတို့သည် အထက်ပါအရည်အချင်းစုံမရှိပါ။ အများကြီးရနိုင်သည့် နေပြည်တော်ကို ရွေးချယ်တည်ဆောက်ရခြင်းဖြစ်သည်။









နေပြည်တော်တည်ဆောက်ရေးမှတ်တမ်းဓာတ်ပုံများ။

နောင်ဖြစ်လာမည့်ပြည်ထောင်စုနိုင်ငံတော်ကြီးသည် ရန်ကုန်မြို့မှာ နေသင့်မနေသင့် ပြန်လည်သုံးသပ်သည့်အခါ ရန်ကုန်တွင် နေထိုင်ရန်မသင့်ကြောင်း၊ နောင်တည်ဆောက်မည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိဖို့၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲဖို့နဲ့ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ချုပ်ကိုင်ထိန်းသိမ်းသည့်အခါလွယ်ကူဖို့၊ နိုင်ငံရေးလှုပ်ရှားမှုဖြစ်တိုင်း လွယ်လွယ်ကူကူ အစိုးရတစ်ရပ်ပျက်စီးမည့် အခြေအနေမျိုးကလွတ်မြောက်ဖို့ နောင်လာမည့်ပြည်ထောင်စုကြီးမှာ မြို့တော်တစ်ခုရှိရန် လိုအပ်သဖြင့် အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး ဒီနေရာကိုရွေးချယ်တည်ဆောက်ရခြင်းဖြစ်သည်။ ပြည်ထောင်စုကြီးရေရှည်တည်တံ့ခိုင်မြဲဖို့နှင့် ရန်သူက လွယ်လွယ်ကူကူဖျက်ဆီးလို့မရနိုင်အောင် ရွေးချယ်ခြင်းဖြစ်သည်။ အင်မတန်လည်း ပင်ပန်းပါသည်။ အင်မတန်ခက်၊ အင်မတန်ပင်ပန်းသည့်ကြားထဲက နိုင်ငံတော်၏ ရေရှည်အကျိုးကိုကြည့်ပြီး ဆောင်ရွက်ခြင်းဖြစ်သည်။ တိုင်းပြည်ရေရှည်အကျိုးကို ရှိသည့်လူကလုပ်သွားရမယ်၊ တိုင်းပြည်၏ ရေရှည်အကျိုးစီးပွား၊ နိုင်ငံတော်၏ရေရှည်အကျိုးစီးပွားကို တာဝန်ရှိသူက တာဝန်ယူရမည်၊ တာဝန်ခံရမည်၊ နောင်လူတွေဒုက္ခမရောက်အောင်လုပ်ပေးရမည်။ တည်ဆောက်မှုကို တစ်ချက်ချင်းစဉ်းစားကြည့်ပါက Political Value, Strategical Value အမျိုးမျိုးစဉ်းစား၊ အဖန်ဖန်စဉ်းစား၍ မြို့တော်ကြီးကိုတည်ဆောက်ရသည်။ နေပြည်တော်မြို့တော်ကို အပြည့်အစုံတည်ဆောက်ပေးခဲ့သည်။ မြို့တော်ကို တည်ဆောက်သည့်အခါ ထိုအမြင်၊ ခံယူချက်များဖြင့် မြို့တော်ကြီးကို အောင်မြင်အောင်တည်ဆောက်ခဲ့သည်။ အမြင်ရှိဖို့လိုသည်။ အများကြီးပင်ပန်း၊ အများကြီးလုံးပန်းရသည်။ မြို့တော်သစ်တည်ခြင်းသည် လွယ်ကူသည်မဟုတ်၊ လွယ်လွယ်ကူကူနှင့် လုပ်ရတာမဟုတ်၊ အခက်အခဲအများကြီးနှင့်ဖြစ်သည်။ မန္တလေး၊ မိတ္ထီလာနှင့်ယှဉ်ကြည့်ပြီး အချက်အလက်တွေတည်ပြီးတည်ဆောက်မည့် နိုင်ငံတော်ကြီးမှာ ဒီလိုမြို့တစ်ရပ်ရှိသင့်သလား၊ အခြားမြို့တစ်ရပ်ရှိသင့်လား စဉ်းစားပြီးယှဉ်ကြည့်ပြီး ရှင်းရှင်းလင်းလင်းအုပ်ချုပ်ရေးမြို့တော်အဖြစ် ဆောင်ရွက်ရန်၊ အခြားနိုင်ငံများတွင်လည်း နယူးယောက်၊ ချီကာဂို၊ ဆန်ဖရန်စစ္စကို စသည်ဖြင့် စီးပွားရေးမြို့တော်၊ ဝါရှင်တန်သည် အုပ်ချုပ်ရေးမြို့တော်ဖြစ်သည်။ ဗြိတိန်လည်းအတူတူ၊ ဗီယက်နမ်လည်းအတူတူ အုပ်ချုပ်ရေးမြို့တော်၊ စီးပွားရေးမြို့တော် ခွဲထားကြသည်။ နေပြည်တော်တွင် သမ္မတအိမ်တော်၊ လွှတ်တော်နှင့်ဝန်ကြီးဌာနများ ပြည့်ပြည့်စုံစုံရှိရန်စီမံခဲ့သည်။ ပြည်ထောင်စုကြီးတစ်ခုလုံးကို လမ်းများကွန်ရက်ဆောက်မှာဖြစ်လို့ တစ်ပြည်လုံးကိုစုရုံးပြီး နိုင်ငံကိုအားရှိအောင်ဆောင်ရွက်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုကြီး၏ အလယ်ဗဟိုမှသည် ပြည်နယ်နှင့်တိုင်းများအားလုံး တစ်ပြေးညီညာတူညီ၍ ရေရှည်ငြိမ်းချမ်းစွာ အတူတကွနေထိုင်သော နိုင်ငံတော်ကြီးတည်ဆောက်ရန် မျှော်လင့်ချက်ဖြင့် နေပြည်တော်ကြီးကိုတည်ဆောက်ခဲ့ပါသည်။ ။